ကောင်းသုသာစာပေ

စီစဉ်သူ - မောင်မေခ

အောင်ကိုဦး (UMK)

# ကတိစကားလေးတစ်ခွန်း

(လူငယ်များအတွက် အတွေးအမြင်စာစုများ)

# “စာရေးသူ၏ ရင်တွင်းစကား”

၂၀၁၆ ခုနှစ်ဟာ … ကျွန်တော့်အတွက် အလုပ်တွေ အများ ဆုံး နှစ်တစ်နှစ်ဆိုရင် မမှားပါဘူး။ ကျွန်တော့်ရဲ့ အင်္ဂလိပ်ဘာသာစကား သင်တန်းကျောင်းက ကျောင်းခွဲတွေ ထပ်မံဖွင့်လှစ်တဲ့ အတွက် သင်တန်းကျောင်းဖက်မှာ အလုပ်တွေ ပိနေတဲ့ အခါ စာရေးတဲ့ ဖက်ကို မနည်းကိုလုပြီး အချိန်ပေးနေရပါတယ်။ ကော်လံတိုင် စာမူတွေကလွဲရင်သတ်သတ်မရေးဖြစ်သလောက် ဖြစ်နေပါတယ်။ အွန်လိုင်းစာဖတ်သူတွေနဲ့ လည်း နည်းနည်းလေးတော့ အဆက်ပြတ်နေပါတယ်။ အနယ်နယ် အရပ်ရပ်က စာဖတ်သူများကလည်း စာအုပ်အသစ်ကို မေးနေကြတဲ့ အတွက် ရေးဖြစ်ခဲ့တဲ့ စာမူတွေထဲက အမျိုးအစားတူရာလေးတွေ စုပြီး ဒီစာအုပ်လေးကို စီစဉ်လိုက်ပါတယ် …။

၂၀၁၆ ခုနှစ်တာ သင်တန်းကျောင်းဖက်မှာ ကျောင်းခွဲတွေ ဖွင့်သလိုပဲ စာရေးသူတစ်ယောက် အနေနဲ့ ကောင်းဆုသာ စာပေရဲ့ စီစဉ်သူ ဆရာမောင်မေခနဲ့ လူငယ်စာရေးဆရာ ကိုဟန်သုသော်တို့ ရဲ့ စီစဉ်မှုနဲ့ “လူငယ်နှင့် ယနေ့ကမ္ဘာ (ဒုတိယအကြိမ်)၊ အင်္ဂလိပ်ဘာသာစကား လေ့လာနည်းလမ်းညွှန် (ဒုတိယအကြိမ်)၊ ဆံစမှ ခြေဖျားအထိ အင်္ဂလိပ်စာ၊ ဝေါဟာရများ ” စတဲ့ စာအုပ်တွေကို သုံးအုပ် တစ်ပြိုင်တည်း ထွက်ဖြစ်ခဲ့ပါတယ်။

အခုထုတ်ဝေတဲ့ ကတိစကားလေး တစ်ခွန်း စာအုပ်က ဒီနှစ်အတွက်

(၃)အုပ်မြောက် ဖြစ်သလို ကျွန်တော့်ရဲ့ (၇)အုပ်မြောက်လည်း ဖြစ်ပါတယ်။ ထွက်ရှိခဲ့တဲ့ (၇)အုပ်လုံးကို စဉ်ဆက်မပြတ် အားပေးကြတဲ့ စာဖတ်သူတွေကို ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော်သိသလောက် မျှဝေပေးလိုက်တဲ့ စာစုတွေဟာ စာဖတ်သူတွေအတွက် တစ်စုံတစ်ရာ အကျိုးရှိတယ်လို့ ကြားရတဲ့ အတွက်လည်း အင်မတန် ဝမ်းသာပါတယ်။ စာတွေကိုလည်း ဆက်လက်ပြီးလည်း အတတ်နိုင်ဆုံး ကြိုးစားပြီး ရေးဖွဲ့နေဦးမှာ ပါ။ ဒီစာအုပ်လေးက ခါတိုင်းလို ဘဝအောင်မြင်ရေး၊ စိတ်ဓာတ်ခွန်အားဖြည့် စာစုတွေ မဟုတ်ပေမယ့် ရသနည်းနည်းဆန်တဲ့ အတွက် နှလုံးသားကို အထိုက်အသင့် အလုပ်ပေးနိုင်မယ့် စာစုတွေလို့ ပြောကောင်းပြောနိုင်ပါတယ်။ ကျွန်တော့်ရဲ့ ထုံးစံအတိုင်း ဖတ်ပြီးရင်တော့ ဆက်တွေး စရာလေးတွေ ကျန်နေမှာ ပါ။ စာဖတ်သူများ အနေနဲ့ ဖတ်ပြီးရင် ဆက်တွေ့စေချင်ပါတယ်။ ကျွန်တော် တွေ့သိတာထက် ပိုမိုထိမိ ကောင်းမွန်တဲ့ ရလဒ်တွေ ရနိုင်မယ်လို့ လည်း ယုံကြည်မိပါတယ်။

**ကြိုးစားလျက် ....**

**အောင်ကိုဦး** (UMK) Be the best!

(9.6.2016)

*

# လယ်သမားနဲ့ စိန်တုံးများ စွာ

တစ်ခါတုန်းက  အာဖရိကမှာ ဘဝကို ပျော်ရွှင်ကျေနပ်နေတဲ့ လယ်သမားတစ်ယောက် ရှိပါတယ်။ အဲဒီလယ်သမားဟာ သူ့ဘဝကို ကျေနပ်ပျော်ရွှင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ဘဝလေးကို သူက တင်းတိမ်ရောင့်ရဲတယ်လေ။ အဲဒီလို တင်းတိမ် ရောင့်ရဲတတ်လို့ လည်း ပျော်ရွှင်တာပေါ့။ တစ်နေ့ကျတော့ လူကြီးတစ်ယောက်က သူ့ဆီ လာပြီးတော့ စိန်တွေအကြောင်း ပြောပြပါတယ် ...။

လူကြီးက “မင်းမှာ သာ လက်မလောက်ရှိတဲ့ စိန်တုံးတစ်တုံးရှိမယ်ဆိုရင် မင်းဟာ မြို့တစ်မြို့လောက် ပိုင်ဆိုင်နိုင်မယ်၊ မင်းမှာ သာ လက်သီးဆုပ်လောက်ရှိတဲ့ စိန်တုံးတစ်တုံး ရှိမယ် ဆိုရင် မင်းဟာ ကိုယ်ပိုင်နိုင်ငံတစ်ခုတောင် ပိုင်ဆိုင်နိုင်လိမ့်မယ် ...” လို့ ပြောပြီး ပြန်သွားပါတယ်။ ညလည်း ရောက်ရော ... လယ်သမားက အိပ်လို့ မပျော်တော့ပါဘူး။ နေ့ခင်းက စိန်ဆိုတဲ့ စကားကို ကြားပြီးကတည်းက မတင်းတိမ် မရောင့်ရဲနိုင်တော့တဲ့ အတွက် ပျော်လည်း မပျော်ရွှင်နိုင်တော့ပါဘူး။ နောက်တစ်နေ့ မနက်လည်း ကျရော သူ့ရဲ့ လယ်ကွင်းတွေကို ရောင်းဖို့ အစီအစဉ်ချပါတော့တယ်။ လယ်တွေလည်း ရောင်းပြီးရော သူ့မိသားစုတွေကို ဂရုစိုက်ဖို့ မှာ ခဲ့ပြီးတော့ စိန်တုံးတွေရှာဖို့ အိမ်က ထွက်ခဲ့ပါတော့တယ်။

အာဖရိကတစ်ခွင်နှံ့အောင်  လိုက်ရှာပေမယ့်လည်း  စိန်တုံးတစ်တုံးတလေမှ မတွေ့ပါ။ ဒါနဲ့ ဥရောပတစ်ခွင် လိုက်လို့ ရှာပြန်ပါတယ်။ ဒါပေ

မဲ့လည်း စိန်တုံးကို မတွေ့ပါ။ စပိန်ကိုလည်း ရောက်ရော သူ့မှာ ပိုက်ဆံလည်း ပြတ်၊ လူလည်း ပင်ပန်း၊ စိတ်ဓာတ်တွေလည်း ကျနေပြီ။ ဘာစီလိုနာမြစ်ထဲ ဆင်းပြီး သူ့ကိုယ်သူ အဆုံးစီရင်ချင်လောက်အောင် စိတ်ဓာတ်တွေလည်း ကျနေပါတယ်။

ဒီလိုနဲ့ နောက်ဆုံး အိမ်ကို ပြန်လာတော့ သူ့ရဲ့ လယ်ကို ဝယ်ထားလိုက်တဲ့ သူက သူ့ရဲ့ လယ်ထဲ မှာ ဖြတ်ပြီး စီးနေတဲ့ စမ်းချောင်းလေးမှာ ကုလားအုတ်တွေကို ရေတိုက်နေပါတယ်။ စမ်းချောင်းပေါ် ဖြာကျနေတဲ့ နေရောင်ခြည်က လယ်ထဲက ကျောက်တုံးလေးတွေကို ထိပြီး အရောင်တောက်နေတာ ဟာ သက်တံတစ်ခုလို လှပလွန်းပါတယ်။ ကျောက်တုံးတစ်တုံးကို ကောက်ပြီးတော့ အိမ်ထဲကို ဝင်လာခဲ့ပါတယ်။ နေ့လယ်ခင်းလည်း ရောက်ရော သူ့ကို စိန်တုံးတွေအကြောင်း ပြောခဲ့တဲ့ လူကြီးက အိမ်ကိုရောက် လာပြီးတော့ အဲဒီအရောင်တလက်လက်တောက်နေတဲ့ ကျောက်တုံးလေးကို တွေ့သွား ပါတယ်။ လူကြီးက အဲဒီစိန်တုံးပဲ၊ ကျုပ် စိန်တုံးကို တစ်ခါမြင်ဖူး ကတည်းက မှတ်မိတယ်လို့ ပြောပါ တယ်။ မဟုတ်ပါဘူး။ အဲဒါ ကျောက်တုံးပါ။ ကျွန်တော် စမ်းချောင်းထဲက ကောက်လာတာပါလို့ ပြော ပါတယ်။

“လာ … လိုက်ခဲ့ခင်ဗျားကို ပြမယ်။ စမ်းချောင်းထဲမှာ အများကြီး ရှိသေးတယ်” လို့ ဆက်ပြောပါတယ်။ သူတို့ တွေ စမ်းချောင်းဆီကို သွားပြီးတော့ နောက်ထပ် ကျောက်တုံးတွေကို ကောက်ပြီး ကျွမ်းကျင်သူတွေကို စစ်ဆေးစေတဲ့ အခါမှာ တော့ သေချာတာပေါ့ အဲဒီကျောက်တုံးတွေ အားလုံးက စိန်တုံးတွေဖြစ်နေတယ်။ လယ်ကွင်းတစ်ခုလုံးစိန်တုံးတွေ စိန်တုံးတွေ အပြည့်ပါပဲ …။

ပုံပြင်ကတော့ ဆုံးသွားပါပြီ။

ဒီပုံပြင်က ကျွန်တော်တို့ ကို ဘာတွေပေးလဲ။ နည်းနည်းဆက်ပြီး စဉ်းစားကြည့်ရအောင်ပါ။

အခွင့်အလမ်းဆိုတာ တကယ်တော့ လက်တစ်ကမ်းမှာ ရှိတာပါ။ အဝေးကြီး လိုက်ရှာစရာ မလိုပါဘူး။ အဲဒီအခွင့်အလမ်းကို မြင်တတ်ဖို့ ပဲ အရေးကြီးပါတယ်။

ကျွန်တော်တို့ က လက်ထဲမှာ ရှိတာထက် သူများ ဆီမှာ ရှိတာကို ပိုပြီးတော့ ကောင်းမယ်၊ တန်ဖိုးရှိမယ်လို့ ထင်တတ်ကြပါတယ်။

တစ်ခါတလေ အခွင့်အလမ်းက တံခါးခေါက်လာတဲ့ အခါ အဲဒီတံခါးခေါက်တာကို အာရုံ နှောက်တယ်လို့ ထင်တတ်ကြပါတယ်။

နောက်တစ်ချက်က တူညီတဲ့ အခွင့်အလမ်းက ဘယ်တော့မှ (၂)ခါပြန် ရောက် လာလေ့မရှိပါ ဘူး။ အဲဒီရောက်လာတဲ့ တစ်ကြိမ်တစ်ခါကို အမိအရ ဖမ်းဆုပ်နိုင်ဖို့ လိုပါတယ်။ နောက်တစ်ကြိမ် ဆိုတာ ပိုကောင်းရင်လည်း ကောင်းမယ်။ ပိုညံ့ရင်လည်း ညံ့မယ်။ သေချာတာကတော့ တစ်ထပ် တည်းတော့ နောက်တစ်ကြိမ် မလာနိုင်တော့ပါဘူး။

တွေးမိတာလေးတွေပါ။

စာဖတ်သူများ လည်း ဆပ္ပွားတွေးကြည့်ကြပါ။

*

## "လှတာလေးမှ သဘောကျတယ်"

လူ့လောကကြီးမှာ အဆင်းလှတာဟာလည်း အရေးကြီးတဲ့ ကဏ္ဍက ပါဝင်နေပါတယ်။ လူအချင်းချင်းကလည်း လှလှပပလေးကို သဘောကျလို့ ပစ္စည်းတွေကအစ လှတာလေးတွေကိုသဘောကျတတ်ကြပါတယ်။ ဒါကြောင့် ကုန်ပစ္စည်းတွေလည်း ပက်ကင်းဘူးကအစ ဒီဇိုင်းလှလှ လေးတွေ လုပ်ကြပါတယ်။ မြင်တာနဲ့ စားသုံးသူရဲ့ စိတ်အာရုံကို ဖမ်းစားနိုင်အောင် ပြင်ဆင်ထားကြ ပါတယ်။ လူတွေလည်း ဒီလိုပါပဲ။ ကိုယ့်ရဲ့ ရုပ်ရည်ရူပကာကို လှတပတလေးဖြစ်အောင် ဂရုစိုက် ပြင်ဆင်ကြပါတယ် ...။ ဒါကြောင့်လည်း ဖေ့စ်ဘွက်ခ်ပေါ်ကို ပုံတင်ရင်တောင်မှ ၃၆၀ တို့ (Photo wonder) တို့ နဲ့ သင့်တော်သလို ပြင်ဆင်ပြီးတော့ တင်တတ်ကြပါတယ်။

လုပ်ငန်းခွင်မှာ လည်း အဆင်းလှတာဟာ အတိုင်းအတာတစ်ခုအထိ အရေးပါပါတယ်။ ဆိုကြပါစို့ ရုပ်ချောတဲ့ အဆိုတော်နဲ့ ရုပ်မချောတဲ့ အဆိုတော်။ ကျွန်တော့်ရဲ့ ပုဂ္ဂလိက အမြင်အရ ဆိုရင်တော့ ရုပ်ချောတဲ့ အဆိုတော်က လူသိတာ၊ လူကြိုက်တာ ပိုမြန်ပါတယ်။ ဒါဆိုရင် ရုပ်မချောပေမယ့် အရည်အချင်းရှိပြီး ရုပ်မချောတဲ့ သူတွေရော လူမကြိုက်ဘူးလားလို့ မေးစရာရှိပါတယ်။ ရုပ်မချောပေမယ့် အရည်အချင်းရှိတဲ့ သူတွေကိုလည်း ကြိုက်ကြပါတယ်။ ဒါပေမဲ့ ရုပ်ရည်မရှိဘဲ အရည်အချင်းပဲရှိတဲ့ သူတွေကျတော့ (First impression) မှာ နည်းနည်းတော့ အောက်တာပေါ့။

အဲဒီမှာ တင် ပရိသတ်က အရည်အချင်းကို အဓိက ဦးစားပေးတဲ့ သူနဲ့ ရုပ်ရည်ကို ဦးစားပေး ကြိုက်တဲ့ သူဆိုပြီးတော့ အခြေခံအားဖြင့် (၂)မျိုးကွဲသွားပြန်ရော။ အဲဒီမှာ တင် (professional) ဘက် ကလည်း အရည်အချင်းကို ထိန်းသိမ်းဖို့ ရာ၊ ရုပ်ရည်ကို လှပအောင် သင့်တင့်လျောက်ပတ်ဖြစ်အောင် လုပ်ကြရပြန်ရော။ ရုပ်ရည်ကို ဦးစားပေးလား မပေးလား ဖေ့စ်ဘွက်ခ်မှာ ပဲ စဉ်းစားကြည့်ရအောင် ကောင်မလေးနှစ်ယောက်ရှိတယ် ဆိုပါစို့။ နှစ်ယောက်လုံးမှာ သူငယ်ချင်း ငါးထောင်စီ ရှိတယ်ဆိုပါစို့။ ပုံတင်ကြည့်ပါ။

ဘယ်သူက (Like) ပိုရမလဲ။ သေချာပါတယ်။ ရုပ်ချောတဲ့ သူက (Like ) ပိုရပါလိမ့်မယ်။ အဲဒီ မှာ တင် သူ့ကိုယ်သူ (Like) တွေနဲ့ သာယာပြီး အရည်မရ။ အဖတ်မရတွေ တင်ရင် အရည်အချင်းကို လုပ်ဖို့ မေ့နေတတ်ပါတယ်။ ရုပ်သာချောလို့ ကတော့“ ၈၃၄ လေးတို့ ရေ ...၊ မွချိမွချိ တစ်ကြောင်း” တင်လိုက်တာနဲ့ တင် (Like) ထောင်ချီရတတ်ပါတယ်။

အဲဒီလိုတွေ ပေါ်ပင်ပရိသတ်တွေ ရှိနေတော့ (professional) တွေကလည်း ပရိသတ် အကြိုက် လိုက်ရင်း အရည်အသွေးတွေက အမှုမဲ့အမှတ်မဲ့ဖြစ်တတ်ပါတယ်။

ဥပမာ - ရုပ်ရှင်လောကမှာ ကြည့်ပါ။ ဟာသကားတွေ လူကြိုက်များတော့ ဟာသကားတွေပဲ ရိုက်ကြပါတယ်။ ဈေးကွက်စီးပွားရေးအရ (demand) ရှိတာကို (product) လုပ်ရမှာ မှန်ပေမယ့် (Demand) နဲ့ လည်း ကိုက်ညီပြီး (Quality) လည်း ပြည့်ဝတဲ့ (Product) ဖြစ်အောင် ကြိုးစားဖို့ လိုပါတယ်။

ကိုယ်က ရုပ်မချောလို့ ရုပ်ချောတဲ့ သူတွေကို မနာလိုလို့ ပြောနေတ

ယ် မထင်လိုက်ပါနဲ့ ။ အဆင်းရှိသလို အချင်းပါရှိဖို့၊ အဆင်းနဲ့ အချင်းကို ဟန်ချက်မျှဖို့ ပြောချင်တာပါ။

ဘုန်းကြီးတွေ ဆုပေးရင်တောင်မှ အာရ၊ ဝဏ္ဏ၊ သုခ၊ ဗလ အစချီတဲ့ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း ဆိုပြီးတော့ ဆုပေးကြတယ်လေ။ အဆင်းလှတာကို ကျွန်တော်လည်း ပုထုဇဉ်လူသား ပီပီ သဘောကျပါတယ်။ ကျွန်တော့်စိတ်ရင်းအတိုင်း ပြောရရင်တော့ အဆိုတော်၊ သရုပ်ဆောင်၊ စာရေးဆရာ အစရှိတဲ့ သူတွေရဲ့ ဖေ့စ်ဘွက်ခ် စာမျက်နှာမှာ ပုံတွေကြီးပဲ တင်တာထက် အဆိုတော် ဆိုလည်း ဖြတ်သန်းရတဲ့ အတွေ့အကြုံ၊ အဆိုတော်လောကကို ဘယ်လိုလျှောက်လှမ်းခဲ့ရတယ်၊ ဘာတွေ ဘယ်လိုလွဲပြီး ဘယ်လိုတွေ လမ်းမှန်ခဲ့တယ်ဆိုတာတွေကိုလည်း မျှဝေပေးစေချင်ပါတယ်။

စာရေးဆရာ ဆိုရင်တော့ ပိုပြီးတော့တောင် တင်စေချင်ပါတယ်။ ဘာတွေလုပ်နေတာဆိုတာ သတင်းပေးဖို့ သက်ဆိုင်ရာ ပုံတွေတင်ပေးဖို့လည်း လိုအပ်ပါတယ်။ ထို့အတူ အတွေ့အကြုံမျှဝေတဲ့ စာလေးတွေလည်း ရေးစေချင်ပါတာပါ။ ရေးပေးနေကြတဲ့ သူတွေလည်း အများကြီးပါ။ မရေးဖြစ် သေးတဲ့ သူတွေကိုလည်း ရေးပေးဖို့ မေတ္တာရပ်ခံချင်တာပါ ... ။

လှတာကို ကြိုက်တဲ့ သူတွေကလည်း ကြိုက်ကြမှာ ပဲ။ (ကျွန်တော်လည်း ကြိုက်တတ်ပါတယ်) ထို့အတူ အရည်အချင်းကို ကြိုက်တဲ့ သူတွေကလည်း ကြိုက်တာပါပဲ။ ဒါကြောင့် အားထုတ်သူတွေဘက်ကလည်း အဆင်းနဲ့ အချင်းကို ဟန်ချက်ညီအောင် အားထုတ်ကြပါ။ ကြိုးစားစ လူငယ်တွေ အနေနဲ့ လည်း အဆင်းမရှိပေမယ့် အားမငယ်ပါနဲ့ အချိန်ပေးပြီး အားထုတ်ကြည့်ပါ။

(First impression) ချက်ချင်း မရပေမယ့် အချိန်က အဖြေပေးပါလိမ့်မယ်။ (ကျွန်တော် လည်း ရုပ်မလှပေမယ့် ကိုယ့်ပရိသတ်နဲ့ ကိုယ်ပါပဲ။ ကြုံတုန်းလေး ကြော်ငြာဝင်တာပါ) အားပေးတဲ့ သူတွေကလည်း အဆင်းနဲ့ အချင်းကို မျှတအောင် အားပေးနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

*